22.5.2005,(12:30am)10

မိဘ မွေးတဲ့ မျက်စိနဲ့ ကြည့်လိုက်စမ်း။အဖေမွေးတဲ့မျက်စိကတော့ လူတွေ မြင်တာပေါ့။ မိန်းမတွေ မြင်တယ်၊ ယောကျာ်းတွေ မြင်တယ်။ တရားနာ ပရိသတ်တွေ မြင်ရတယ်လို့ မပြောရဘူးလား။ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ လူတွေ မြင်တာလား၊ အဆင်းကို မြင်တာလား။ အဆင်းကို မြင်တယ်။ အဲလို စိစစ်ဖို့မကောင်းဘူးလား။

ကဲ တစ်ခါ ပြန်ပြီးတော့မှ လူထင်လို့ နမ်းကြည့်လိုက်တဲ့နော်။ အဲလို နမ်းကြည့်တော့ လူ တွေ့မလား အနံ့ တွေ့မလား။ အနံ့ ကိုသာ လူဆိုရင် အနံ့ဟူသရွေ့လူလို့ ခေါ်ရမှာပေါ့။ ဒီလို ကား ဖြစ်ပွဲမလား။ မဖြစ်ဘူး အနံ့ဟာ အနံ့ပဲ။ အနံ့လို့ နံ့သိတာ ဃာနဝိညာဏ် မရဘူးလား။ ဃာန အကြည် နဲ့ အနံ့က ရုပ်တရား မရလား။ နာမ် ရုပ်နှစ်ပါး။ လူလား နာမ် နဲ့ ရုပ်လား။

ဆံဖျားက ခြေဖျား၊ ခြေဖျားကဆံဖျား အနုလုံ ပဋိလုံ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်။ ကိုင်စမ်းကြည့်တဲ့အခါ မာတာ မတွေ့လား။ လူလား ပထဝီဓာတ်လား။ ပျော့တာ မတွေ့လား။ လူလား ပထဝီဓာတ်လား။ ကဲ အဲဒီ မာတာ ပျော့တာ သိတာ သူငါလား ကာယဝိညာဏ်လား။ ကာယဝိညာဏ်က နာမ်တရား။ မာတာ ပျော့တာ ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ လူလား နာမ် နဲ့ ရုပ်လား။ နတ်လား နာမ်နဲ့ ရုပ်လား။ ဗြဟ္မာလား နာမ်နဲ့ ရုပ်လား။ သုံးဆယ့်တစ်ဘုံလား နာမ် နဲ့ ရုပ်လား။ ဟော ရုပ်နာမ် သုညတ လို့မဟောလား။ ရုပ်ထဲမှာ ရှာချင်တာရှာ ပုဂ္ဂိုလ်၊ သတ္တဝါ တွေ့ရဲ့လား။ နာမ်နဲ့ရုပ်လား။ နာမ်ထဲမှာ ရှာချင်တာရှာ ပုဂ္ဂိုလ်၊သတ္တဝါ တွေ့ရဲ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ ကဲ မရှိပြီဆိုတော့ စိတ်ထဲမှာ ရှင်းကနဲ လင်းကနဲ မသွားဘူးလား။ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲ ဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိပြုတ်ရင် ဗြဟ္မာကြီးလေးဦးက ဖန်ဆင်းတယ် ထာဝရဘုရားက ဖန်ဆင်းတယ်၊ ဗိဿနိုး က ဖန်ဆင်းတယ် ယုံသလား။ ဝိစိကိစ္ဆာ မချုပ်လား။ အာသဝအနေနဲ့ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ချုပ်ပြီကွဲ့။ ကြားလား။

ဆက်ပြီးတော့ ကြိုးစားဖို့ မကောင်းလား။ မာတယ်၊ ပျော့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက် ကန် လှုပ်ရှားတယ်လို့ မပြောဘူးလား။ အဲဒါ သဘာဝပညတ်ကွဲ့။ စဉ်းစားနော်။ စင်စစ်တော့ကာ မာတာလား ဖောက်ပြန်တာလား။ ပျော့တာလား ဖောက်ပြန်တာလား။ ပူတာလား ဖောက်ပြန် တာလား။ အေးတာလား ဖောက်ပြန်တာလား။ စဉ်းစား ဖောက်ပြန်တဲ့ သဘောပဲ တွေ့တယ် နော်။ ဒါ ရုပ္ပတီတိ ရုပံ။ ဖောက်ပြန်ပြီးတော့ မပျက်လား။ နိစ္စလား။ အနိစ္စလား။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ လို့မဟောလား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အဲလိုဆို ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့တရားလား။ ဒီလိုဆို ခန္ဓာရတဲ့ ပုဂ္ဂိုလ်က နေ့စဉ်နှင့်တကွ ဆင်းရဲနေတာပါလား ဟေ့။ မဆင်းရဲလား ဟေ့။ ဆင်းရဲတဲ့ တရား နော်။

22.5.2005,(12:30am)11

အဲလိုသိတဲ့ အချိန်ကစ ခန္ဓာကြီးကို တွယ်တာတဲ့ သမုဒယ လာဦးမလား။ လက်ရှိခန္ဓာ မတွယ်တာဘူး နော်။ လက်ရှိမတွယ်တာ နောင်ခန္ဓာ တောင့်တ ပါဦးမလား။ အဲလို လေ့လာဖို့ မကောင်းလား။ အဲလို ပရိသတ်တွေကို စူဠပန်လှည့် ဟောတာ။ ပရိသတ်တွေ သောတာပန် တည်တယ် ကွဲ့။ ကြားလား။

ဆက်ပြီးတော့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကို လေ့လာတဲ့အခါ ဒုက္ခဆိုတဲ့တရား၊ ဖြစ်ပျက် ဘာသစ္စာလဲ။ ဖြစ်ပျက်။ ဖြစ်ပြီးတော့ ပျက်တာ။ဖြစ်တာဒုက္ခ ပျက်တာဒုက္ခ လို့မဟောဘူးလား။ ချမ်းသာတာများပါရဲ့လား။ ချမ်းသာတာကိုမပါဘူးနော်။ ဒါကြောင့် နဒီ သောတော ဝိယလို့ မဟောဘူးလား။ကဲ ချမ်းသာတာကို မပါဘူးနော်။ဒါကြောင့် ဆင်းရဲအတိလို့ မဟောဘူးလား။ အဲဒါမှ သစ္စာဆိုက်တာဗျ။ သိပယ်လို့ မဟောဘူးလား။ ဒုက္ခသစ္စာလို့ သိတဲ့တချိန် လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာ နလုံးသွင်းမှားတဲ့ အဝိဇ္ဇာချုပ်၊မချုပ်။ အဝိဇ္ဇာချုပ်ပြီနော်။ အဝိဇ္ဇာ ချုပ်ရင် တဏှာလာသေးရဲ့လား။ ဉပါဒါန်လာသေးရဲ့လား။ တဏှာ ဉပါဒါန်က မလာပဲနဲ့ချုပ်တာ အနုပ္ပါဒနိရောဓ။ ဝေဒနာက ခံစားရာက ချုပ်တာ ဉပ္ပါဒနိရောဓ။ ခန္ဓာငါးပါးက မြင်ရာ၊ ကြားရာ က၊ ချုပ်တာ ဉပ္ပါဒနိရောဓ။ တဏှာ ဉပါဒါန်က မလာဘဲနဲ့ ချုပ်တာ အနုပ္ပါဒနိရောဓလို့ မဟော ဘူးလား။ နှစ် က သုံးကို ကူးသေးရဲ့လား။ အဲလို လေ့လာဖို့ မကောင်းလား။အဲဒါ ခြောက်ဒွါရမှာ မျက်စိပေါက်ကလည်း ဤကဲ့သို့ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ အဲလို နှစ်က သုံးကို မကူးဖို့ လို တယ်နော်။ အဲလို သိတော့ မပယ်ရဘူးလား။ အဲဒီမှာ တရားပွဲပြီးတဲ့အခါမှာ ဟော လူ သောတာပန်၊ နတ်သောတာပန်၊ ပြဟ္မာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်တဲ့ပုဂ္ဂိုလ် မရှိ ပေဘူးလားကွဲ့။ တချို့ရဟန်းကိစ္စ ပြီးတဲ့လူ မရှိပေဘူးလားဟေ့ ။ အဲဒီလို စူဠပန်ဟောတာ ပရိသတ်တွေ အကုန်လုံး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ရဟန်းကိစ္စ ပြီးသွား တယ်။ ကြားလား။ ဤနေရာရောက်အောင် ကြိုးစားအားထုတ်ကြကွဲ့နော်။ အဲဒါလိုရင်း အချက် တွေ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ---။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----။(သမုဒယ သစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာ...။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ် ကွက်ရှိ...။ (လေးကွက် ရှိပါတယ်ဘုရား။) တစ်ကွက် လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါဘုရား။) ငါး လေးလီ။ (နှစ်ဆယ်) ဤရှစ်သွယ်ကို .... (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု သာဓု သာဓု။

..............................................................................................

ဖြစ်ပါတယ်။ ရေစက်ခွက်ပါလည်း ဖြစ်တယ်။ မပါလည်း ဖြစ်တယ်။ ရေစက် မချလည်း ရတယ် ။ ချလည်း ရတယ်။ မိုးကုတ် ဆရာတော် ဘုရား...ချလည်း ရပါတယ်။ မချလည်း ရပါတယ်တဲ့။

ရေစက်ချ။

ဘန္တေ- အရှင်ဘုရား။ မယံ- တပည့်တော် တပည့်တော်မ တို့သည်။ ရာဂါဒိဟိ-ရာဂ အစ ရှိကုန်သော။ ကောဒသဂ္ဂိဟိ- ဆယ့်တစ်ပါးသော မီးတို့ဖြင့်။ အဘိပီဠိတံ- အလွန်အကဲ ညှင်းဆဲနေထသော။ သံသာရဘယံ-ခြားရပာတ်ပမာ ချာချာပတ်၍ တဖြစ်တည်းဖြစ်နေသော သံသရာဘေးကြီးကို။ အဘိဘာယိတ္ဝာ- အလွန်တရာ ကြောက်ရွံ့ကြ ကုန်သည် ဖြစ်၍။ တတော-ထိုသံသရာဘေးကြီးမှ။ မုတ္တာ-ကင်းလွတ်ကြကုန်သည်။ ဟုတွာ-ဖြစ်၍။ နိဗ္ဗာနံ-နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ- မကြာမတင် ဆောလျင်ကူးမြောက် အပေါက်ရောက်၍ မျက်မှောက် ပြုပါရခြင်း အကျိုးငှာ။

ဉာဏစက္ခုနာ- ဉာဏ်ပညာစက္ခုဖြင့်။ ဂဝေသန္တော- ငါဘုရား ရှာမှီးခဲ့သည် ရှိသော်။ ဘိက္ခဝေ- သံသရာ ဘေးဘယ တွေးဆ ကြောက်ခြား အို သူတော်ကောင်း အပေါင်းတို့။ ပုညံ-ကောင်းမှု ကုသိုလ် ဟူသမျှသည်။ သုခံ- လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကြီးကို။ ဇနေတိ-ဖြစ်စေတတ်၏။ ဣတိ-ဤသို့။ ဝုတ္တာ- ဆိုအပ် ဟောကြားအပ် သော စကားရပ်ကို။ မနသိကတွာ-နှလုံးနှစ်ခြိုက် ပိုက်မိကြကုန်သည်ဖြစ်၍။

တိသရဏေန- သရဏဂုမ် သုံးပါးနှင့်။သဟ-တကွ။ အဋ္ဌင်္ဂသီလာနိ-အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလတရားတော် မြတ်ကြီးကို။ သမာဒိယိတွာ...ဂဏှိတွာ-ကောင်းစွာ ခံယူ ဆောက်တည်ကြကုန်ပြီး၍။ ကတာနိ-ပြုပြင် အပ်ကုန်သော။ ဒိတဗ္ဗာနိ-ပေးလှူအပ် ကုန်သော။ ဝတ္ထူနိ စ-ကိုးရက်ဆယ်ရက်တိုင်တိုင် ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရနှင့်တကွ လှူဖွယ်ဝတ္ထု အစုစုတို့ကို။ သာသနဿ စ၊ သာသနာတော်ကြီး၏ ထောက်ရာ တည်ရာ ဖြစ်စေခြင်းငှာ လည်းကောင်း။ သာသနဿ စ၊ သာသနာတော်ကြီး၏ ပြန့်ပွားစေခြင်းအကျိုးငှာ။ ဘုရား တပည့်တော် တပည့်တော်မ တို့သည်။ သဒ္ဓါရွှင်လန်း ဆည်းကပ်ခြင်းဖြင့် လှူဒါန်းပါ၏။ ပူဇေမ- ကပ်လှူပူဇော် ပါကုန်၏ အရှင်ဘုရား။

ဘန္တေ- အရှင်ဘုရား။ မယံ- တပည့်တော် တပည့်တော်မတို့သည် ။ ဣမိနာ ဒါနပုညေန- ဤကဲ့သို့ လှူဒါန်းကြရသော ကုသိုလ်ကံ စေတနာတို့ကြောင့် လည်းကောင်း။ ဣမိနာ သီလပုညေန- ဤကဲ့သို့ ဆောက်တည်ပြီးသော သီလ ကုသိုလ်ကံစေတနာတို့ကြောင့် လည်းကောင်း။ အညေဟိ - တပါးကုန်သော ။ ပုညေဟိ စ၊ အနမတဂ္ဂ သံသရာမှစ၍ ယခု ဘဝထိ ရောက်အောင်

ပြုလုပ်ဆည်းပူးခဲ့သော ကုသိုလ်ကံစေတနာတို့ကြောင့် လည်းကောင်း။ မယံ- တပည့်တော် တပည့်တော်မတို့သည် ။ အဇာတိ -ပဋိသန္ဓေ မနေရာ စင်စစ်ဖြစ်သော။ အဇရံ - မအိုရာ စင်စစ်ဖြစ်သော။ အမတံ - မသေရာ စင်စစ်ဖြစ်သော။ သိဝံ ၊ဇာတိ ဇရာ ဗျာဓိ မရဏ စသည့် ထောင်သောင်း ဘေးအပေါင်းတို့၏ ကောင်းကောင်းကြီး ငြိမ်းချမ်းရာ ဖြစ်သော နိဗ္ဗာန် ချမ်းသာ မြတ်ကြီးကို။ ဣဋ္ဌိတဝရေနန၊ အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့်။ သဒ္ဓိကရေယျာမ - မကြာမတင် ဆောလျင် ကူးမြောက် အပေါက်ရောက်၍ မျက်မှောက် ပြုရပါလို၏ အရှင်မြတ်ဘုရား။

ဘန္တေ- အရှင်ဘုရား။ မယံ- တပည့်တော် တပည့်တော်မတို့သည် ။ ဣမဿ၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဆိုသည့်အတိုင်း ဓမ္မဒါန ကုသိုလ်၏ ဤအဖို့ဘာဂကို။ ဂုဏဝိသေသတရာနံ- ဂုဏ် ကျေးဇူး အထူး ကြီးမားလှကုန်သော။ မာတာပိတူနဥ္စ ၊မိခင် ဖခင်တို့အား လည်းကောင်း။ အာစရိယာနဥ္စ ၊ဆရာသမားတို့အား လည်းကောင်း။ ဣမာသံ ပရိသာနဥ္စ ၊တရားနာ အစည်း အဝေး ကြွရောက်လာကြကုန်သော တရားနာ ပရိသတ်တို့အား လည်းကောင်း။ ရေမြေ့သနင်း ပြည့်ရှင်မင်းတို့အားလည်းကောင်း။ ငရဲသနင်း ယမမင်းတို့အားလည်းကောင်း။ ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ် ဓမ္မာရုံစောင့်နတ် ဘုမ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် တောစောင့်နတ် တောင်စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် စတု လောကပါလနတ်မင်းကြီးမှ စ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား။ ဘာဇေယျာမ- ရေစက်သွန်းချ အမျှပေး ဝေပါကုန် ၏။ ရေစက်သွန်းချ အမျှပေး ဝေပါကုန်၏။

အမေ့ဟိ- အကျွန်ုပ်တို့နှင့်။ လဘန္တု- ညီညာဖျဖျ ရကြပါစေ ကုန်သတည်း။ သုခိတာ- ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ ရှိကြကုန်သည်။ မုဒိတာ-ပီတိမောက်လှမ်း ဝမ်းမြောက်သော စိတ်ရှိကြကုန်သည် ။ဘဝန္တု- ဖြစ်ကြပါစေကုန်သတည်း။

ယနေ့ ယခု ပြုလုပ်အပ်တဲ့ ကုသိုလ်ရဲ့ အဖို့ဘာဂကို လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ကုသိုလ်ဖြစ်စေခြင်းငှာ ရကြပါစေခြင်း အကျိုးငှာ ညီညာဖျဖျအမျှပေးဝေကြပါစို့။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့....သာဓု ......... သာဓု ......... သာဓု ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့....သာဓု ......... သာဓု ......... သာဓု ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့....သာဓု ......... သာဓု ......... သာဓု ။

22.5.2005,(12:30am)14